KBZ GROUP

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

# ကမ္ဘောဇကုမ္ပဏီအုပ်စု၏ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ

## မာတိကာ

၁. ပတ်ဝန်းကျင်ထုတ်ပြန်ချက် ---------------------------------------- ၂

၂. နယ်ပယ်အတိုင်းအတာ ------------------------------------------- ၂

၃. ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ---------------------------------------- ၂

၄. အခြေအနေပြောင်းလဲမှုအပေါ် အနေအထား ------------------------- ၄

၅. မူဝါဒ ပြန်လည်သုံးသပ်မှု ---------------------------------------- ၅

# ကမ္ဘောဇကုမ္ပဏီအုပ်စု၏ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ

## ၁။ ပတ်ဝန်းကျင်ထုတ်ပြန်ချက်

ကမ္ဘောဇကုမ္ပဏီအုပ်စု အနေဖြင့် ပတ်ဝန်းကျင်ကာကွယ်မှု၏ အရေးပါသူကို တာဝန်ရှိသော အဖွဲ့အစည်း နိုင်ငံသားတစ်ဦးအဖြစ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းရပ်များသည် ပတ်ဝန်းကျင်အပေါ်တွင် တိုက်ရိုက်နှင သွယ်ဝိုက်သက်ရောက်မှုများရှိမည်ကို အပြည့်အဝ အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် မြန်မာနိုင်ငံသို့သာမက နိုင်ငံတကာအဖွဲ့အစည်းသို့လည်း လုပ်ငန်း၏ပတ်ဝန်းကျင် သက်ရောက်မှုလျော့နည်းစေရန် ခံဆောင်နိုင်မှုရှိစေရန်နှင အပြုသဘောဆောင်သောလုပ်ဆောင်မ သေချာစေရန ကျွန်တော်တို့၏ လုပ်ငန်းစဉ်များ၊ ပစ္စည်းများနှင့် ဝန်ထမ်းများကို စီမံခန့်ခွဲလုပ်ဆောင်သွားပါမည်။

## ၂။ နယ်ပယ်အတိုင်းအတာ

ဤမူဝါဒသည် ကမ္ဘောဇကုမ္ပဏီအုပ်စု တစ်ခုလုံး၏ လုပ်ငန်းဆောင်ရွက မှုများကိုလွှမ်းခြုံပါသည်။ ကမ္ဘောဇကုမ္ပဏီအုပ်စု၏ များစွာသောလုပ်ငန်းများအားဖြင့် ဤမူဝါဒအကောင်အထည်ဖော်ရန် ဆောင်ရွက်နေသော လုပ်ငန်းသဘာဝအပေါ်မူတည်၍ သက်ဆိုင်ရာလိုအပ်ချက်များ၊ စံညွှန်းများနှင့်အည လုပ်ငန်းတစ်ခုချင်းအား အခြေခံထား စဉ်းစားရန်လိုအပ်မည်ဖြစ်သည်။

## ၃။ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ

ပတ်ဝန်းကျင်ဆိုင်ရာအလိုက်သင့်ဖြစ်စေမှု

လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြဌာန်းချက်များနှင လက်တွေ့ဆောင်ရွက်မှု နည်းလမ်း များ၏ လိုအပ်ချက်များနှင့်အညီ (သို့မဟုတ်) ကျော်လွန်ကာ ကမ္ဘောဇကုမ္ပဏအုပ်စ အနေဖြင့် အပြည့်အဝလက်ခံ ဆောင်ရွက်သွားပါမည်ဖြစ်သည်။

အလဟသဖြစ်ခြင်း စီမံခန့်ခွဲမှု

ကမောဇကုမ္ပဏအုပ်စ အနေဖြင့် အလဟသဖြစ်မှုနည်းပါးစေရန်အတွက် သုံးစွဲနိုင်သော အတိုင်းအတာတစ်ခုအထိ ဆက်လက်အသုံးပြုမှု၊ ပြန်လည်အသုံးပြုမှုများ ပြုလုပ်မည်ဖြစ်သည်။

စွမ်းအင်စီမံခန့်ခွဲမှု

ကမ္ဘောဇကုမ္ပဏအုပ်စ အနေဖြင့် အဆောက်အဦးများ၊ မော်တော်ကားများနှင့် လုပ်ငန်းစဉ် အတွင်း စွမ်းအင်နှင့်ရေအသုံးပြုမှုနည်းပါးစေရန် အထူးသဖြင့် သဘာဝအရင်းအမြစ်များ အသုံးပြုမှု ကို နည်းနိုင်သမျှနည်းစေရန် ထိန်းသိမ်းဆောင်ရွက်မည ဖြစ်ပါသည်။

သယ်ယူပို့ဆောင်မှု

ကမ္ဘောဇကုမ္ပဏအုပ်စ အနေဖြင့် ကုမ္ပဏီယာဉ်များ (သင့်တော်သည့်နေရာတွင်) အား အခြားသင့်တော်သည့်နည်းလမ်းနှင ၎င်းသယ်ယူပို့ဆောင်မှုကို ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်တိုက်တိုးတက် ကောင်းမွန်လာစေမှု

ကမ္ဘောဇကုမ္ပဏအုပ်စ အနေဖြင့် အဆောက်အဦး ပရဝုဏ်များနှင့် လုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင်မှ လေ၊ ရေ၊ အသံ၊ အလင်းရောင်၊ နှင့်ပတ်သက်၍ ဒေသအစုအဖွဲ့များ သို့သက်ရောက်မှုလျော့နည်းစေရန် ဆက်တိုက်တိုးတက်ကောင်းမွန်စေမှု နည်းလမ်းများကို အသုံးပြုပါသည်။

ဝယ်ယူအသုံးပြုမှု

ကမ္ဘောဇကုမ္ပဏီအုပ်စု အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေပြီး အလားတူအနည်းဆုံးဖြစ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများက ဝယ်ယူအသုံးပြုပါသည်။

ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များ

ကမ္ဘောဇကုမ္ပဏီအုပ်စု အနေဖြင့် လုပ်ငန်းအသစ်များ (သို့) ထုတ်ကုန်အသစ်၏ ပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်မှုကို ဆနးစစ်ရန် ဦးစားပေး ရည်ရွယ်ပါသည်။

<u>ပတ်ဝန်းကျင်နှင့်လူမှုရေးသက်ရောက်မှုဆန်းစစ်ချက်များ</u>

ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုဆန်းစစ်ချက်က ကမ္ဘောဇကုမ္ပဏီအုပ်စု၏ အဓိက စီမံကိန်းအသစ်များ အားလုံးအပေါ်တွင်ပြုလုပ်မည်ဖြစ်ပြီး လွတ်လပ်သောစာရင်းစစ်တစ်ဦးဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏ မူဝါဒအတွင်း ချမှတ်ထားသည့် လိုအပ်သည့်စံချိန်စံညွှန်းများနှင ကိုက်ညီမှုသေချာစေရန် လက်ရှိလုပ်ငန်းများ၏ ကျယ်ပြန့်သော အတိုင်းအတာတစ်ခုအပေါ်တွင် အတွင်းပိုင်းစစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။ ထိုအစီရင်ခံစာများကို အများပြည်သူစစ်ဆေးကြည့်ရှုနိုင်ရန် ကျွန်ပတို့၏ Website တွင တင်ထား မည် ဖြစ်ပါသည်။

၄။ အခြေအနေပြောင်းလဲမှု အနေအထား

ကမ္ဘောဇကုမ္ပဏီအုပ်စု အနေဖြင့် အခြေအနေ ပြောင်းလဲမှုသည် ပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အဓိကသက်ရောက်စေမှုတစ်ခုဖြစ်စေမည်ဟု ယူဆပါသည်။ အထူးသဖြင

မြန်မာနိုင်ငံအခြေအနေ၏ အနှုတ်သဘောဆောင်သော အကျိုးဆက်များ မြင့်မားစွာ ထွက်ပေါ်လာသည်ကို ကျွန်ုပ်တို့ လက်ခံထားပါသည်။ အခြေအနေပြောင်းလဲမှုသည် စီးပွားရေးလုပ်ငန်း၏ စွန့်စားမှုနှင့်အခွင့်အရေး နှစ်မျိုးစလုံးဖြစ်စေနိုင်မည်ဟု ယုံကြည်ကာ ငွေကြေးဆိုင်ရာကြားခံပေးသူတို့အဖြစ ကဏ္ဍတစ်ခုမှပါဝင်နိုင်ပါသည်။

ကျွန်ုပ်တို့၏ Customer များ၊ လုပ်ငန်းစိတ်ဝင်စားသူများ၊ ပုံမှန်လုပ်ငန်း ဆောင်ရွက သူများနှင့် အစုအဖွဲ့များအား အခြေအနေပြောင်းလဲမှုလုပ်ငန်းများတွင နားလည်မှုနှင့်စီမံခန့်ခွဲမ လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ အတူတကွကြိုးပမ်း လုပ်ဆောင်မည်ဖြစ်သည်။

၅။ မူဝါဒ ပြန်လည်သုံးသပ်မှု

မူဝါဒကို နှစ်စဉ်ပြန်လည်သုံးသပ်ပါမည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကို ဝန်ထမ်းအသစ်များသို့ ရှင်းလင်းပြောသွားမည်ဖြစ်ပြီး လာမည့်နှစ်တွင် ကျွန်ုပ်တို့၏ ကျယ်ပြန့်သော လုပ်ငန်းဆောင်ရွက်ချက်များသို့ သင့်တော်သော သင်တန်းပေးမှုများနှင သီးသန့်ဖြစ်သော ပတ်ဝန်းကျငရှိ မူဝါဒများကို ပစ်မှတ်ထား အကောင်အထည်ဖော်လျှက်ရှိပါသည်။ အမြင့်မားဆုံး သော နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်မှုသေချာစေရန် သင့်တော်သော ကျွမ်းကျင်သူများ၊ အတိုင်ပင်ခံပညာရှင်များ၏ ထောက်ခံမှုနှင့်ဆောင်ရွက်ရန ရှာဖွေသွားပါမည်။

ကျွန်ုပ်တို့၏ မူဝါဒဖွံ့ဖြိုးတိုးတက်စေမှုနှင့် အကောင်အထည်ဖော်မှု နည်းဗျူဟာတွင ပါဝင်ရန် လုပ်ငန်းစိတ်ဝင်စားသူများထံမှ အကြံပြုချက်ကို ကြိုဆိုပါသည်။ ဤမူဝါဒစီမံခန့်ခွဲမှုကို Legal & Compliance Department မှ တာဝန်ယူဆောင်ရွက်ပါသည်။ သက်သေခံတစ်ခုချင်းစီမှ မူဝါဒ ကိုင်တွယ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ သင်တန်းပေးရန်၊ လုပ်ဆောင်ချက် နှင့် အစီရင်ခံ ဆန်းစစ်ရန် စသည့်အပြင် အလားအလာရှိသော တိုးတက်မှုများအတွက် သီးခြားလုပ်ငန်းအဖွဲ့ တစ်ခုကို ခန့်ထားဆောင်ရွက်လျက်ရှိပါသည်။

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် နိုင်ငံတကာအရည်အသွေးအဖွဲ့အစည်း (ISO) UN Global Compact နှင့် Global Reporting Initiative ၏ သတ်မှတ်ထားသည့်အတိုင်း နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် ၂၀၁၆ခုနှစ် အဆုံးတွင် လုပ်ဆောင်သွားမည်ဖြစ်သည်။